SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

# ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖေါက်မှုထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၆ ရက်

**သီပေါမြို့နယ်အတွင်း စစ်ကောင်စီ၏ ပြင်းထန်သော ဗုံးကြဲတိုက်ခိုက်မှုများ ကြောင့် အရပ်သား ၁၉ ဦးသေဆုံးပြီး ၁၉ ဦးဒဏ်ရာရကာ တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းအနီးရှိ အဆောက်အဦးများပါအဝင် အရပ်သား အဆောက်အဦး ၁၁၀ ကျော်ပျက်စီးခဲ့**

သီပေါမြို့နယ်အတွင်း တော်လှန်ရေးအင်အားစုများ ဝင်ရောက်လာခြင်းကိုတုံ့ပြန်တိုက်ခိုက်သည့် ၂၀၂၄ ဇူလိုင်လ (၁၉) ရက်မှ ဩဂုတ်လ (၁၉) ရက်အထိ စစ်ကောင်စီတပ်၏ လက်နက်ကြီးပစ်ခတ်မှု၊လေကြောင်းတိုက်ခိုက်မှု တို့ကြောင့် အရပ်သား ( ၁၉ )ဦးသေဆုံးကာ (၁၉ ) ဦးဒဏ်ရာရပြီး နေအိမ် (၁၁၀ )ခန့်ပျက်စီးခဲ့သည်။

ဇူလိုင်လလည်တွင် MNDAA ကိုးကန့်တပ်ဖွဲ့သည် သီပေါ-မိုင်းရယ်လမ်းတစ်လျှောက်ရှိ ကျေးရွာများကိုစတင် ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့သည်။၄င်းတို့သည် သီပေါမြို့ အရှေ့တောင်ဘက်မှ ၄၀ ကီလိုမီတာကွာဝေးသော ဆောင်ကြဲ ကျေးရွာသို့ ရောက်ရှိလာခဲ့ပြီး ၄င်းမှ ၂၀ ကီလိုမီတာကွာဝေးသောဆိုင်ကျော့ရှိစစ်ကောင်စီတပ်စခန်းကို တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်သားများမှ ထွက်ပြေးဆုတ်ခွာစေခဲ့သည်။ ဇူလိုင်လ ၁၉ရက်နေ့တွင် စစ်ကောင်စီတပ်သည် ဆောင်ကြဲ ကျေးရွာကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး စာသင်ကျောင်းတစ်ကျောင်း နှင့်နေအိမ် ၁၀ လုံးပျက်စီးခဲ့သည်။

ဇူလိုင်နှောင်းပိုင်းတွင် MNDAAA တပ်ဖွဲ့သည် သီပေါမြို့ အရှေ့တောင်ဘက် ၂၀ ကီလိုမီတာအကွာ သီပေါ-နမ့် လန် လမ်းပေါ်ရှိ နောင်ကော်ကြီးကျေးရွာအနီးရှိ ခလရ ၁၄၇ စစ်ကောင်စီတပ်ရင်း ကိုစတင်တိုက်ခိုက်ခဲ့သည်။ ဩဂုတ်လ ၆ ရက်နေ့တွင် စစ်ကောင်စီလေတပ်မှ ဂျက်ဖိုက်တာဖြင့် နောင်ကော်ကြီးကျေးရွာ ဘုန်းကြီးကျောင်းအတွင်းသို့ လေကြောင်းဗုံးကြဲချခဲ့ရာ သံဃာတစ်ပါးအပါအဝင် အရပ်သား ၂ ဦးသေဆုံးပြီး ၁ ဦးဒဏ်ရာရရှိခဲ့သည်။ထိုနေ့တွင်ပင် စစ်ကောင်စီတပ်မှ နောင်ကော်ကြီးကျေးရွာအရှေ့မြောက်ဘက် ၂ ကီလိုမီတာရှိ ပန်မိတ်ကျေးရွာကို လေကြောင်း တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အရပ်သား ၁ ဦးဒဏ်ရာရခဲ့သည်။

ဩဂုတ်လ ၉ ရက်နေ့ ညပိုင်းတွင် TNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့ ၅၀၀ ခန့်သည် သီပေါမြို့မြို့မြောက်ဘက်ခြမ်း ကိုချဥ်း ကပ်လာခဲ့သည်။ ထိုနေ့ညဉ့်ပင် စစ်ကောင်စီ ခလရ ၂၃ တပ်သည် မြို့၏ အရှေ့မြောက်ရှိ ကုံးစုံကျေး ရွာဘက်သို့ လက်နက်ကြီးများပစ်ခတ်ခဲ့ရာ အမျိုးသမီးတစ်ဦးနှင့်ကလေးတစ်ဦးကို ထိမှန်သေဆုံးခဲ့သည်။

ဩဂုတ်လ ၁၀ ရက်နေ့မနက်အစောပိုင်းတွင်  TNLA နှင့် PDF တပ်ဖွဲ့များသည် မြို့မြောက်ဘက်ရှိ စစ်ကောင်စီ တပ်ဖွဲ့များအပါအဝင် သီပေါထောင်နှင့်မြို့အနီးတစ်ပိုက်ရှိ စစ်ကောင်စီတပ်သားများကို စတင်တိုက်ခိုက်ခဲ့သည်။ ထို့နောက် ၄င်းနေ့တွင် ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားဖြစ်ပွားပြီးနောက် သီပေါတံတားအနီးရှိစစ်ကောင်စီတပ်သားများ အပါအဝင် သီပေါတစ်မြို့လုံးရှိစစ်ကောင်စီတပ်များအားလုံးသည် ခလရ ၂၃ သို့ဆုတ်ခွာခဲ့ပြီးနောက် မြို့တွင်းနှင့်အနီးတစ်ပိုက်ရှိကျေးရွာများကို လက်နက်ကြီးများဖြင့်ဆက်တိုက်ပစ်ခတ်ခဲ့သည်။

ဩဂုတ်လ ၁၀ ရက်နေ့တစ်ရက်တည်း၌ပင် စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် အရပ်သား ၅ ဦး သေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရခဲ့သည်။ထိုထိခိုက်မှုတွင် နားလွယ်ကျေးရွာမှအမျိုးသားတစ်ဦးသေဆုံးမှုနှင့် ကျောင်းစုကျေးရွာ မှ အမျိုးသမီးတစ်ဦးသေဆုံးမှုတို့ပါဝင်သည်။ ၄င်းကျေးရွာနှစ်ခုလုံးသည် တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဘေးတွင်တိုက်ရိုက်တည်ရှိနေသည့်ရွာများဖြစ်သည်။ကျောင်းစုကျေးရွာတွင်  ပိုက်လိုင်းထိန်းချုပ်ရေး  စခန်းလဲရှိသည်။

ဩဂုတ်လ ၁၁ ရက်နေ့တွင် စစ်ကောင်စီတပ်သည်သီပေါမြို့ကို လေကြောင်းမှစတင်တိုက်ခိုက်ခဲ့ရာ မြို့လယ်ကောင် ရှိ မြို့လယ်ရွှေစေတီဘုန်းကြီးကျောင်းဗုံးကြဲခံခဲ့ရပြီး သံဃာတစ်ပါး၊ သီလရှင်တစ်ပါးနှင့် အခြား အမျိုးသမီးတစ်ဦး ဒဏ်ရာရခဲ့သည်။မြို့အရှေ့မြောက်ဘက်ရှိတာပုတ်ကျေးရွာဗုံးကြဲခံရမှုတွင် အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အခြား အရပ်သား ၂ ဦးဒဏ်ရာရခဲ့သည်။




*တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းအနီးရှိ ကျောင်းစုကျေးရွာရှိ  ဆီကန်ကိုစစ်ကောင်စီမှလေကြောင်းတိုက်ခိုက်မှု*

ဩဂုတ်လ ၁၂ ရက်မှ ၁၉ ရက်နေ့အထိ စစ်ကောင်စီတပ်သည် သီပေါမြို့နယ်အတွင်းနှင့်အနီး တစ်ပိုက် အနီးရှိ ကျေးရွာများကို မရေတွက်နိုင်သော လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကို ပြုလုပ်ခဲ့ရာ နောက်ထပ်အရပ်သားထိခိုက်မှုများနှင့် အဆောက်အဦးပျက်စီးမှု များစွာဖြစ်ပွားခဲ့သည်။ ဩဂုတ်လ ၁၄၊ ၁၅နှင့် ၁၉ ရက်များတွင်ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုများသည် တရုတ် ရေနံနှင့် သဘာဝဓာတ် ငွေ့ပိုက်လိုင်း အနီးရှိနားလွယ်နှင့်ကျောင်းစုကျေးရွာရှိအဆောက်အဦးများကိုပျက်စီးစေခဲ့ပြီး ပိုက်လိုင်းထိန်းချုပ်ရေးစခန်းမှ ၂၅၀ မီတာသာ ကွာဝေးသော ကျောင်းစုကျေးရွာရှိ စက်ရုံဆီသိုလှောင်ကန် မီးလောင်ပျက်စီးမှုလဲပါဝင်သည်။

ထိုကာလအတောအတွင်း ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်နေ့တွင် နမ့်လန်မြို့အခြေစိုက် ခမရ ၅၀၆ စစ်ကောင်စီတပ်မှ နားမခေါ်ကျေးရွာဘက်သို့ တိုက်ပွဲများမရှိဘဲ ရမ်းသမ်းပစ်ခတ်ခဲ့ရာ နေအိမ် ၃ လုံးပျက်စီးခဲ့သည်။

ဩဂုတ်လ ၁၆ ရက်နေ့မွန်းတည့်ချိန်တွင် တိုက်ပွဲတစ်စုံတစ်ရာဖြစ်ပွားခဲ့ခြင်းမရှိဘဲ စစ်ကောင်စီခမရ ၅၀၆ တပ်သည် နမ့်လန်မြို့ ကောင်းလန်းရပ်ကွက်ကိုလက်နက်ကြီးပစ်ခတ်ခဲ့ရာ နေအိမ် ၂ လုံးထိခိုက်ပျက်စီးခဲ့သည်။ ထိုနေ့ ညနေ ၅နာရီတွင် နမ့်လန်မြို့တောင်ဘက် ရှိနားဟိုင်းကျေးရွာကို စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အမျိုးသမီးတစ်ဦးဒဏ်ရာရခဲ့ပြီး ထို့နောက်နမ့်လန်ဆေးရုံတွင် သေဆုံးခဲ့သည်။

**၂၀၂၄ ဇူလိုင်လ ( ၁၉) ရက်မှ ဩဂုတ်လ (၂၅) ရက်အထိ သီပေါမြို့နယ်အတွင်း အရပ်သားများကို ထိခိုက်သေဆုံးစေခဲ့သော စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှု**



၂၀၂၄ ဩဂုတ်လ(၉) ရက်မှ (၂၅) ရက်အထိ သီပေါမြို့နယ်အတွင်း အရပ်သားများကို ထိခိုက်သေဆုံးစေခဲ့သော
စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှု




2024 ဩဂုတ်လ ၁၉ရက်နေ့တွင် ကျောင်းစုကျေးရွာရှိပိုက်လိုင်းထိန်းချုပ်ရေးစခန်းအနီးစစ်ကောင်စီမှလေကြောင်းဗုံးကြဲမှု



| ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ -ဩဂုတ်လ ၂၅ အထိ သီပေါမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သားများထိခိုက်သေဆုံးမှု | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **စဥ်** | **ရက်စွဲ** | **ကျေးရွာ၊ရပ်ကွက်** | **ဖြစ်စဥ်** | **အရပ်သားသေဆုံးမှု** | | **အရပ်သားဒဏ်ရာရမှု** | | **ပျက်စီးမှု** |
| | | | | **အချက်အလက်** | **ဦးရေ** | **အချက်အလက်** | **ဦးရေ** | |
| 1 | ၁၉.၇.၂၀၂၄ | ဆောင်ကြဲကျေးရွာ | စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှု | | | | | စာသင်ကျောင်း ၁ နေအိမ် ၁၀ လုံး |
| 2 | ၆.၈.၂၀၂၄ | နောင်ကော်ကြီးကျေးရွာ | ညနေစစ်ကောင်စီ ၄နာရီဝန်းကျင်တွင် လေကြောင်းတိုက်ခိုက်မှု | သံဃာ ၁ ပါး အမျိုးသမီး ၁ ဦး | ၂ | သံဃာ ၁ ပါး | ၁ | ဘုန်းကြီးကျောင်း ၂ ဆောင် |
| 3 | ၆.၈.၂၀၂၄ | ပန်မိတ်ကျေးရွာ | ညနေ ၄ နာရီတွင် စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှု | | | | ၁ | အဆောက်အဦး နှစ်လုံး |
| 4 | ၉.၈.၂၀၂၄ | ကုံးစုံရွာ | ညပိုင်းတွင်စစ်ကောင်စီ ခလရ ၁၂၃ မှ လက်နက်ကြီးပစ်ခတ်မှု | အမျိုးသမီး ၁ဦး | ၁ | ကလေး ၁ | ၁ | |
| 5 | ၁၀.၈.၂၀၂၄ | မြို့ဟောင်းရွာ | စစ်ကောင်စီခလရ ၂၃ မှလက်နက်ကြီးပစ်ခတ်မှု | ကျား ၁ | ၁ | ကျား ၂၊မ ၂ | ၄ | အိမ် ၅လုံး |
| 6 | ၁၀.၈.၂၀၂၄ | တုံစန့်ကျေးရွာ သီပေါမြို့ | စစ်ကောင်စီခလရ ၂၃ မှလက်နက်ကြီးပစ်ခတ်မှု | ကျား ၁ | ၁ | | | နေအိမ် ၄လုံးပျက်စီး |
| 7 | ၁၀.၈.၂၀၂၄ | နားလွယ်ကျေးရွာ | စစ်ကောင်စီခလရ ၂၃ မှလက်နက်ကြီးပစ်ခတ်မှု | ကျား ၁ | ၁ | | | နေအိမ် ၁လုံး |
| 8 | ၁၀.၈.၂၀၂၄ | ကျောင်းစုကျေးရွာ | စစ်ကောင်စီခလရ ၂၃ မှလက်နက်ကြီးပစ်ခတ်မှု | မ ၁ | ၁ | | | နေအိမ် ၂လုံး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 9 | ၁၀.၈.၂၀၂၄ | အုတ်ကျင်းရပ်ကွက် သီပေါ | စစ်ကောင်စီခလရ ၂၃ မှလက်နက်ကြီးပစ်ခတ်မှု | ကျား ၁ | ၁ | | | နေအိမ် ၁လုံး |
| 10 | ၁၁.၈.၂၀၂၄ | တာပုတ်ကျေးရွာ | စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှု | ကျား ၁ | | ကျား ၁<br>မ ၁ | ၂ | အိမ် ၅လုံးပျက်စီး |
| 11 | ၁၁.၈.၂၀၂၄ | မြို့လယ်ရွှေစေတီကျောင်း၊မြန်မာရပ် သီပေါ | စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှု | | | သံဃာ ၁၊သီလရှင် ၁၊<br>မ ၁ | ၃ | ဘုန်းကြီးကျောင်း ၂ ဆောင် |
| 12 | ၁၂.၈.၂၀၂၄ | မြို့လယ်ရပ်ကွက် သီပေါ | စစ်ကောင်စီခလရ ၂၃ မှလက်နက်ကြီးပစ်ခတ်မှု | မ ၂<br>ကျား ၁<br>(ကလေး) | ၃ | | | |
| 13 | ၁၂.၈.၂၀၂၄ | နားမခေါ်ကျေးရွာ | စစ်ကောင်စီခမရ ၅၀၆ မှလက်နက်ကြီးပစ်ခတ်မှု | | | | | နေအိမ် ၂လုံး |
| 14 | ၁၃.၈.၂၀၂၄ | ဇာတ်စုကျေးရွာ သီပေါမြို့ | စစ်ကောင်စီခလရ ၂၃ မှလက်နက်ကြီးပစ်ခတ်မှု | မ ၁<br>၃၆ နှစ် | ၁ | | | |
| 15 | ၁၃.၈.၂၀၂၄ | ကျောင်းစုနှင့်နားလွယ်ကျေးရွာ အပါအဝင်မြို့အနီးအနားရှိကျေးရွာများ၌ | စစ်ကောင်စီမှ Y-12 တိုက်လေ ယာဉ်ဖြင့်လေကြောင်းတိုက်ခိုက်မှုနေ့တစ်ဝက်တည်း၌ပင်ဗုံးအလုံး ၂၀ ကြဲချခဲ့ | | | | | အိမ် ၁၀ လုံးခန့် |
| 16 | ၁၄.၈.၂၀၂၄ | တုံစင့်ရပ်၊ ဇာတ်စုရပ်၊ စံဖိတ်ရွာ၊ ကုန်းစုံရွာ၊ ပန်စောက်မိန်းရွာ | စစ်ကောင်စီမှ Y-12 တိုက်လေယာဉ်ဖြင့် မနက်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့၊ ဂျက်ဖိုက်တာဖြင့် မနက် ၈ နာရီခန့်နှင့် Y-12 | | | | | နေအိမ် ၂၀ လုံးပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ဖြင့်နေ့ခင်းပိုင်းတွင် တိုက် ခိုက်ခဲ့ | | | | | |
| 17 | ၁၄.၈.၂၀၂၄ | ဘူတာရပ် သီပေါ | စစ်ကောင်စီခလရ ၂၃ မှလက်နက်ကြီး ပစ်ခတ်မှု | | | 2 males | 2 | |
| 18 | ၁၄.၈.၂၀၂၄ | ကျောင်းစုနှင့် နားလွယ်ကျေးရွာ အပါအဝင် မြို့အနီးအနားရှိ ကျေးရွာများ | ညနေ ၅ နာရီခန့် တွင် စစ်ကောင်စီမှ ဂျက်ဖိုက်တာ ဖြင့် လေကြောင်းတိုက် ခိုက်မှု ပြုလုပ်၊ ထို့နောက် Y-12 လေယာဥ်ဖြင့် ထပ်မံတိုက်ခိုက် | | | | | နေအိမ် ၁၀ လုံး ပျက်စီး |
| 19 | ၁၄.၈.၂၀၂၄ | ပန်းတိမ်တောင်ရပ် ကွက် | ညနေ ၅ နာရီခန့် တွင်စစ်ကောင်စီမှ Y-12 တိုက်လေ ယာဥ်ဖြင့် လေ ကြောင်း တိုက်ခိုက် မှုပြုလုပ်ခဲ့ | | | ကျား ၂ | ၂ | ဈေးဆိုင်ခန်းအချို့ |
| 20 | ၁၅.၈.၂၀၂၄ | ရွှေကျောင်းရပ် ကွက် | စစ်ကောင်စီခလရ ၂၃ မှလက်နက်ကြီး ပစ်ခတ်မှု | | | ကျား ၁ ကလေး | ၁ | ဘုန်းကြီးကျောင်း ပျက်စီး |
| 21 | ၁၅.၈.၂၀၂၄ | စံဖိတ်ကျေးရွာ | မနက်အစောပိုင်း တွင် စစ်ကောင်စီ ၏ လေကြောင်း တိုက်ခိုက်မှု | | | ကျား ၁ | ၁ | နေအိမ် ၃လုံး |
| 22 | ၁၅.၈.၂၀၂၄ | တုံစင့်ကျေးရွာ | မနက်အစောပိုင်း တွင် စစ်ကောင်စီ ၏ လေကြောင်း တိုက်ခိုက်မှု | | | | | နေအိမ် ၂လုံး |
| 23 | ၁၅.၈.၂၀၂၄ | စံဖိတ်ရွာ၊မြို့ဟော င်းရွာ၊ ပန်စောက် မိန်းရွာ၊ တုံစင့်ရွာ၊ | မနက် ၁၀-၁၁း၃၀ ခန့်တွင်စစ်ကောင် စီ တပ်မှ Y-12 လေ | | | | | နေအိမ် ၂၀ လုံး ခန့် ပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ဇာတ်စုရပ်ကွက်၊ ကျောင်းစုရွာ | ယာဉ် ဖြင့်လေ ကြောင်းတိုက် ခိုက်မှု | | | | | |
| 24 | ၁၆.၈.၂၀၂၄ | ဆိုင်းခေါင်ကျေးရွာ | စစ်ကောင်စီလေ ကြောင်းတိုက်ခိုက် မှု | ကျား ၁ | ၁ | | | နေအိမ် ၂လုံး |
| 25 | ၁၆.၈.၂၀၂၄ | ကောင်းလန်းရပ် နမ့်လန်မြို့ | စစ်ကောင်စီ ခမရ ၅၀၆ မှ လက်နက် ကြီးပစ်ခတ်မှု | | | | | နေအိမ် ၂လုံး |
| 26 | ၁၆.၈.၂၀၂၄ | နားဟိုင်းကျေးရွာ | ညနေ ၅ နာရီတွင် စစ်ကောင်စီလေ ကြောင်းတိုက်ခိုက် မှု | မ ၁ | ၁ | | | |
| 27 | ၁၉.၈.၂၀၂၄ | ကျောင်းစုကျေးရွာ | စစ်ကောင်စီလေ ကြောင်းတိုက်ခိုက် မှု | | | | | ဆီကန်တစ်ခု |
| 28 | ၁၉.၈.၂၀၂၄ | ညောင်ကိုးပင်ရွာ | စစ်ကောင်စီခလရ ၂၃ မှလက်နက်ကြီး ပစ်ခတ်မှု | ကျား ၁ | ၁ | | | နေအိမ် ၁ လုံး |
| 29 | ၂၄.၈.၂၀၂၄ | ရွှေကျောင်းရပ် ကွက် သီပေါ | စစ်ကောင်စီခလရ ၂၃ မှလက်နက်ကြီး ပစ်ခတ်မှု | ကျား ၁ | ၁ | မ ၁ | ၁ | နေအိမ် ၁ လုံး |
| 30 | ၂၅.၈.၂၀၂၄ | အနောက်ရပ် သီပေါမြို့ | စစ်ကောင်စီတပ်မှ ဒရုန်းဖြင့်ဗုံးကြဲမှု | ကျား ၁ ၅၄ နှစ် | | | | နေအိမ် ၂ လုံး |
| 31 | ၂၅.၈.၂၀၂၄ | တုံစင့်ရွာ သီပေါမြို့ | စစ်ကောင်စီခလရ ၂၃ မှလက်နက်ကြီး ပစ်ခတ်မှု | ကျား ၁ ၆၇ နှစ် | | | | |
| | | | **Total စုစုပေါင်း** | | **၁၉** | | **၁၉** | **အဆောက်အဦး အလုံး ၁၁၀ ပျက်စီး** |

**စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် နောင်ကော်ဘုန်းကြီးကျောင်းတွင် သံဃာ ၁ပါးနှင့် သက်ကြီး အမျိုးသမီး ၁ ဦး သေဆုံးမှုနှင့် အခြား သံဃာ ၁ ပါးဒဏ်ရာရ**

ဩဂုတ်လ ၆ ရက်တွင် စစ်ကောင်စီတပ်သည် သီပေါမြို့ အရှေ့တောင်ဘက် ၂၀ ကီလိုမီတာကွာဝေးသော နောင်ကော်ကျေးရွာဘုန်းကြီးကျောင်းကို လေကြောင်းတိုက်ခိုက်မှုကြောင့် သံဃာ ၁ပါးနှင့် သက်ကြီးအမျိုးသမီး ၁ ဦး သေဆုံးမှုနှင့် အခြား သံဃာ ၁ ပါးဒဏ်ရာရခဲ့သည်။

နောင်ကော်ဘုန်းကြီးကျောင်းသည် ၄င်း၏ သဘာဝရေကန်းဘေးရှိ ရှုခင်းနေရာများကြောင့် နာမည်ကျော်ကြားပြီး ဇူလိုင်လကုန်တွင် MNDAA တပ်ဖွဲ့မှဝင်ရောက်တိုက်ခိုက်ခဲ့သော ခလရ ၁၄၇ တပ်စခန်းနှင့် ၁ကီလိုမီတာ ခန့်သာကွာဝေးသည်။

ဩဂုတ် လ ၆ရက် ညနေ ၄နာရီခန့်တွင် စစ်ကောင်စီ ဂျက်ဖိုက်တာသည် နောင်ကော်ကျေးရွာဘုန်းကြီးကျောင်းကို တိုက်ရိုက်ဖုံးကြဲချခဲ့သည်။ ထိုဖုံးကြဲမှုကြောင့် ရေလယ်တွင်ရှိနေသော ကျောင်းဆောင်အပါအဝင် ကျောင်းအဆောက် အဦး အများအပြားပျက်စီးခဲ့ပြီး အသက် ၅၄ နှစ်အရွယ် သံဃာ စဝ် နန္ဒိကန နှင့်သက်ကြီးအမျိုးသမီးဖြစ်သူ ပါ အောင်တို့သေဆုံးခဲ့ပြီး အခြားသံဃာတစ်ပါး ပြင်းထန်စွာဒဏ်ရာရခဲ့သည်။



*စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှု ကြောင့်သေဆုံးသွားသူ စဝ်နန္ဒီ*

ဖုံးကြဲခံရသည့်အချိန်တွင် ပါအောင် (ဒဏ်ရာရသွားသည့် သံဃာ၏ မိခင်) နှင့် သံဃာနှစ်ပါးတို့မှာ ဘုန်းကြီး ကျောင်း တွင်ကျန်ရစ် နေခဲ့ သော အရပ် သားများသာ ဖြစ်ပြီး၊ နောင်ကော်ကျေးရွာနှင့် အနီးတစ်ပိုက်ရှိ ကျေးရွာ များမှာ လေကြောင်း ရန်ကိုကြောက်ရွံ့ သော ကြောင့် နားမခေါ်၊ နမ့်လန်၊ မိုင်းခေးနှင့် အခြားဒေသ များ သို့ရွှေ့ပြောင်းသွားခဲ့ ပြီဖြစ်သည်။


၂၀၂၄ ဩဂုတ်လ ၇ ရက် နေ့ ခင်းပိုင်း တွင် ဒေသခံ များက နောင် ကော်ဘုန်းကြီး ကျောင်းတွင်စဝ်နန္ဒိကန၏ ရုပ်အလောင်းကိုမီး သဂြိုလ်ခဲ့သည်။

ဩဂုတ် လ ၂၂ ရက်တွင် MNDAA တပ်ဖွဲ့သည် ခလရ ၁၄၇ တပ်စ ခန်းကိုသိမ်းပိုက်နိုင်ခဲ့သည်။



*စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူပါအောင်*

၂၀၂၄ ဩဂုတ် ၆ရက်တွင် စစ်ကောင်စီ၏နောင်ကော်ဘုန်းကြီးကျောင်းကိုလေကြောင်းဖြင့်တိုက်ခိုက်မှု




## ဆက်သွယ်ရန်

| | | |
|---|---|---|
| စိုင်းဟော်ရှဲန် | 66 99 246 5673/ 66 94 728 6696 | Signal (ရှမ်း, အင်္ဂလိပ်) |
| ယိင်းလျန်းဟန် | 66 99 289 6080 | Signal (မြန်မာ) |